# အရေးပေါ်အသင့်ပြင်ခြင်း

**အရေးပေါ်အစီအစဉ်တစ်ခု ရေးဆွဲပါ-** မည်သူ့ကို ဆက်သွယ်ရမည်၊ မည်သည့်နေရာ သွားရမည်၊ မည်သည်တို့ ယူဆောင်ရမည်ကို သိပါ။

**အရေးပေါ်ပစ္စည်းထုပ် ထုပ်ပိုးပါ။** ရေ၊ အဆာပြေစားစရာ၊ အဝတ်အထည်အပို၊ ရှေးဦးသူနာပြုပစ္စည်းနှင့် အရေးကြီးမှတ်တမ်း မိတ္တူများ ပါဝင်ပါသည်။

**အမြဲ သိနေပါ-** www.emergency.wa.gov.au ၏ Emergency WA မှ တစ်ဆင့် သတိပေးချက်များကို စစ်ဆေးပါ သို့မဟုတ် သင့်ဒေသတွင်း ABC ရေဒီယိုကို နားထောင်ပါ။

**လိုအပ်ပါက အကူအညီတောင်းပါ-**

- မီးသတ်၊ ရဲ သို့မဟုတ် လူနာတင်ယာဉ် လိုပါက **၀၀၀** သို့ ဖုန်းခေါ်ပါ
- ဘေးအန္တရာယ်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပြည်နယ် အရေးပေါ်လုပ်ငန်း **၁၃၂ ၅၀၀** သို့ ဖုန်းခေါ်ပါ

အကြံပြု
ချက် - အရေးပေါ်
အခြေအနေတွင် သင့်
ဂျီပီအက်စ်တည်နေရာကို
အသိပေးရန် Emergency+
အက်ပ်ကို အသုံးပြုပါ



## အသုံးဝင်သော ဆက်သွယ်ရန်များ

**အရေးပေါ်လုပ်ငန်း ၀၀၀**

သို့ ဖုန်းခေါ်ပြီး၊ အင်္ဂလိပ်စကား မပြောတတ်ပါက ဖုန်းဖြေကြားသူအား အသိပေးပါလျှင် သင့်အား စကားပြန်နှင့် ချိတ်ဆက်ပေးပါမည်။

| | |
|---|---|
| WA ရဲတပ်ဖွဲ့<br>(အရေးပေါ်မဟုတ်သည့် ရဲအကူအညီ) | **၁၃၁ ၄၄၄** |
| Crime Stoppers (အရေးပေါ်မဟုတ်) | **၁၈၀၀ ၃၃၃ ၀၀၀**<br>**www.crimestopperswa.com.au** |
| **စတာလင်မြို့၏ အချိန်ပြည့်** လုပ်ငန်းတာဝန်ခံများ | **(၀၈) ၉၂၀၅ ၈၅၅၅** |
| ရပ်ရွာတွင်း လုံခြုံရေး လှည့်ကင်းများ | **၁၃၀၀ ၃၆၅ ၃၅၆** |
| ပြည်နယ်အရေးပေါ်လုပ်ငန်း | **၁၃၂ ၅၀၀** |
| မီးသတ်နှင့် အရေးပေါ်လုပ်ငန်းဌာန (DFES) | **၁၃ ၃၃ ၃၇** |
| နံရံဆေးရေးခြင်း တိုင်ကြားရန် အထူးဖုန်းလိုင်း | **၁၈၀၀ ၄၄ ၂၂ ၅၅**<br>**www.goodbyegraffiti.wa.gov.au** |

မိမိတို့သည် ဓလေ့ထုံးတမ်းစဉ်လာနှင့် ဘာသာစကား ကွဲပြားသူ ဒေသခံများ၏ အကြံဉာဏ်ကို တန်ဖိုးထားပါသည်။ သင့်လူမှုအသိုင်းအဝိုင်းတွင် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန် အကြံဉာဏ်များရှိပါက **www.stirling.wa.gov.au/contact-us မှတစ်ဆင့် အသိပေးပါ။**

ဘာသာစကားတခုခုအတွက် အကူအညီလိုအပ်ပါက **ဘာသာပြန်နှင့် စကားပြန်လုပ်ငန်း နိုင်ငံလုံးဆိုင်ရာ ဖုန်းလိုင်း ၁၃၁ ၄၅၀** သို့ ဖုန်းဆက်၍ ဖုန်းစကားပြန် တောင်းပါ။

City of Stirling
City of Choice

**အုပ်ချုပ်ရေးရုံး** 25 Cedric Street Stirling WA 6021
**တယ်လီဖုန်း** (၀၈) ၉၂၀၅ ၈၅၅၅
**စုံစမ်းမေးမြန်းရန် -** www.stirling.wa.gov.au/enquiries
**ဝဘ်ဆိုဒ်** www.stirling.wa.gov.au | /citystirlingwa

ဤထုတ်ပြန်ချက်ကို လိုအပ်ပါက အခြားပုံစံများဖြင့် ရနိုင်ပါသည်။ အသုံးပြုသူဆက်သွယ်ရေးရုံး (၀၈) ၉ ၂၀၅ ၈၅၅၅သို့ ဆက်သွယ်ပါ။

Burmese | မြန်မာ

City of Stirling
City of Choice

# ဘေးကင်းရေးသည် ပထမ

ဓလေ့ထုံးတမ်းစဉ်လာနှင့်ဘာသာစကား မတူကွဲပြားသော လူမှုအသိုက်အဝန်းများအတွက် အရင်းအမြစ်




လုံခြုံပြီး တိုးတက်
နေသောလူ့ဘောင်ကို
အတူတကွ ဖန်တီးပါ

စတာလင်မြို့အား လူတိုင်းအတွက် ဘေးကင်းပြီး ဖိတ်ခေါ်နေသောနေရာအဖြစ် တည်ဆောက်ရန် ရည်ရွယ်ပါသည်။ ဤလမ်းညွှန်ချက်ကို ဓလေ့ထုံးတမ်းစဉ်လာနှင့် ဘာသာစကားကွဲပြားသော (CALD) လူမှုအသိုက်အဝန်းအတွက် အရေးကြီး ဘေးကင်းရေးအချက်အလက်များကို ပံ့ပိုးပေးရန် ပြင်ဆင်ထားပါသည်။



## ရပ်ရွာတွင်း လှည့်ကင်းများ

**ရပ်ရွာလှည့်ကင်းအရာရှိများသည် နေ့ သို့မဟုတ် ညအချိန်မရွေး လှည့်လည်နေပါသည်-**

- အရေးကြီးလုံခြုံရေးသတင်းများဖလှယ်ရန် WA ရဲတပ်ဖွဲ့နှင့် အတူ လုပ်ဆောင်နေပါသည်
- နံရံဆေးရေး၊ ဖျက်ဆီးမှု၊ နှင့် လူမှုဆန့်ကျင်သည့်အပြုအမူများကို စောင့်ကြည့်ပြီး သတင်းပို့နေနေသည်
- နေထိုင်သူများအတွက် သင့်လျော်သော ဘေးကင်းရေးအကြံဉာဏ်များ ပေးနေနေသည်
- သံသယဖြစ်ဖွယ်ဆောင်ရွက်ချက်များဖြေရှင်းရန် စောင့်ကြည့်ပြီး အကဲခတ်နေပါသည်
- ဆူညံခြင်းများနှင့် ဒေသခံများ၏ စိုးရိမ်ပူပန်စရာများကဲ့သို့သော ရပ်ရွာလိုအပ်ချက်များကို ဆောင်ရွက်ပါသည်။

## ခရီးသွားချိန် စောင့်ကြည့်လုပ်ငန်း

သင်သည် ခရီးသွားပါက၊ မြို့နယ်ကောင်စီလှည့်ကင်းအရာရှိများသည် ရှောင်တခင်စောင့်ကြည့်စစ်ဆေးမှုများမှတစ်ဆင့် သင့်အိုးအိမ်ပစ္စည်းများကို ဘေးကင်းစေရန် ကူညီပေးနိုင်ပါသည်။

**လျှောက်ထားနည်း**

၁၃၀၀ ၃၆၅ ၃၅၆ သို့ ဖုန်းခေါ်ပါ၊ အွန်လိုင်းသို့ လျှောက်ထားပါ၊ သို့မဟုတ် လူကိုယ်တိုင် လျှောက်ထားပါ။ လျှောက်လွှာများကို သင်ခရီးမသွားမီ အနည်းဆုံး နှစ်ပတ်အလို ပြုလုပ်ရပါမည်။

**သင် အဝေးရောက်နေချိန် သင့်အိမ်ကို ကာကွယ်ရန် ဤအကြံပြုချက်များကို လိုက်နာပါ-**

- သင့်စာများကို ယာယီသိမ်းထားပါ၊ လာပို့သည့်ပစ္စည်းများကို အိမ်နီးချင်းတစ်ဦးကိုအား ယူထားခိုင်းပါ။
- သင့်အိမ်တွင် လူရှိနေသည်ဟုပြသရန် မီးများကို အချိန်အလိုက်ပွင့်ရန် စီစဉ်ပါ။
- ခရီးစဉ်အသေးစိတ်ကို လူမှုကွန်ရက်တွင်တင်ခြင်းမှ ရှောင်ကြဉ်ပါ။
- အဖိုးတန်ပစ္စည်းများကို လုံခြုံစွာသိမ်းဆည်းပြီး မလိုအပ်သော ပစ္စည်းများကို ပလပ်ဖြုတ်ထားပါ။

## လုပ်ငန်းတာဝန်ခံများ

**လုပ်ငန်းတာဝန်ခံများသည် လူမှုအသိုင်းအဝိုင်းကို ဘေးကင်းလုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ယူပါသည်-**

- အိမ်မွေးတိရစ္ဆာန်မှတ်ပုံတင်ခြင်း စီမံခန့်ခွဲခြင်းနှင့် တာဝန်သိ အိမ်မွေးတိရစ္ဆာန်ပိုင်ဆိုင်မှုဖြစ်ရန် စီစဉ်ခြင်း
- တရားမဝင် စွန့်ပစ်မှုနှင့် အမှိုက်ပစ်မှုများအား စုံစမ်းစစ်ဆေးခြင်း
- မီးသတ်ဘူးများစစ်ဆေးခြင်းဖြင့် မီးဘေးအသင့်ပြင်ဆင်မှုအား မြှင့်တင်ခြင်း
- စွန့်ပစ်ယာဉ်များဖယ်ရှားခြင်းနှင့် တောလမ်းသုံးစွဲမှုများကို စောင့်ကြည့်ခြင်း
- အားလုံးအတွက် ဘေးကင်းပြီး အသုံးပြုနိုင်သော ကားရပ်နားနေရာ စီစဉ်ပေးခြင်း

## တာဝန်သိအိမ်မွေးတိရစ္ဆာန်ပိုင်ဆိုင်မှု

**တာဝန်သိအိမ်မွေးတိရစ္ဆာန်ပိုင်ရှင်ဖြစ်ခြင်းသည် လူမှုအသိုက်အဝန်းဘေးကင်းရေးကို အထောက်အကူဖြစ်စေသည်။ သင့်အိမ်မွေးတိရစ္ဆာန်များနှင့် လူမှုအသိုက်အဝန်း၏ ဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ရေး ရစေရန် အောက်ပါအဆင့်များကို လိုက်နာပါ-**

- သင့်အိမ်မွေးတိရစ္ဆာန်ကို မှတ်ပုံတင်ပါ၊ မိုက်ခရိုချစ်ပ်တပ်ပါ၊ သားကြောဖြတ်ပြီး ကာကွယ်ဆေးထိုးပါ
- သင့်ခွေးအား မှတ်ပုံတင်တံဆိပ် တပ်ဆင်ထားပြီး အများပြည်သူနေရာများတွင် အထိန်းကြိုးဖြင့် ထားပါ

## ကားလမ်းနှင့် ကားရပ်နားနေရာ ဘေးကင်းရေး

**ကားရပ်နားနေရာအကြံပြုချက်များ-**

- ကားရပ်နားနေရာဆိုင်းဘုတ်များနှင့် စည်ကမ်းအားလုံးကို လိုက်နာပါ
- ခြေလျင်လမ်းများ၊ ကားလမ်းများ မပိတ်ဆို့ရမည့်အပြင် ကန့်သတ်ဇရိယာများတွင် ရပ်နားခြင်းမပြုရ
- သင့်ကားကို လမ်းဆုံများမှ အနည်းဆုံး ၁၀ မီတာအကွာတွင် ရပ်ထားပါ

**ကားလမ်းများအနီးတွင် ကလေးဘေးကင်းရေး-**

- လမ်းမကူးခင် ရပ်ပါ၊ လမ်းနှစ်ဘက်စလုံး ကြည့်ပါ၊ လာနေသည့်ယာဉ်များ အသံကို နားထောင်ပါ၊ ဘေးကင်းရေးအကြောင်း စဉ်းစားပါ
- လမ်းများ သို့မဟုတ် ယာဉ်များအနီးတွင် ကလေးငယ်များ၏ လက်ကို အမြဲကိုင်ထားပါ
- စက်ဘီး၊ စကူတာ၊ စကိတ်စီးနေစဉ် ကလေးငယ်များအား ဦးထုပ်ဆောင်း၍ ဖိနပ်အမာများစီးထားပါစေ။



အကြံပြုချက်- ကလေးများကားမှထွက်လျှင် ဘေးအကင်းဆုံးတံခါးသည် ပလက်ဖောင်းဘက်နှင့်နီးသော တံခါး ဖြစ်ပြီး၊ ဘေးကင်းတံခါးဟု ခေါ်သည်။